Inclusive Systems Myanmar

# Call for Start-up Grants

## အသေးစား နှင့် အငယ်စား စီးပွားရေးလုပ်ငန်း တစ်ခုကို စတင် လိုသူများ အတွက် ရင်းနှီးမတည်ငွေလျှောက်ထားနိုင်မည့် အစီအစဉ်

အကြောင်းအရာ။ ။ အသေးစား နှင့် အငယ်စား စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်အကောင်အထည် ဖော်ရန် အတွက် ရင်းနှီးမတည်ငွေလျှောက်ထားလိုသူများအား ဖိတ်ခေါ်ခြင်း။

## ကုမ္ပဏီမိတ်ဆက်

Inclusive Systems Myanmar (ISM) သည် အကျိုးအမြတ်အတွက် မရည်ရွယ်သော ကုမ္ပဏီတစ်ခုဖြစ်ပြီး အဓိက အခြေပြုလုပ်ငန်းစဥ်မှာ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့် ကျေးလက်နေ အမျိုးသား၊ အမျိုးသမီး၊ လူငယ်လူရွယ်များနှင့် အခွင့် အလမ်းနည်းပါးသည့် သူများအတွက် အထူးရည်ရွယ်လျက် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးပြင်ပ ကုန်ထုတ်လုပ်မှု တိုးတက်စေရေး၊ အသက်မွေး ဝမ်းကျောင်းစွမ်းရည်များ တိုးတက်လာစေရေး၊ အလုပ်အကိုင်ရရှိမှုနှင့် ဝင်ငွေရရှိနိုင်သော အခွင့်အလမ်းများ တိုးတက်လာရေး စသည့် စိန်ခေါ်မှု များနှင့် စပ်လျဉ်းသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းကို ဦးတည် ထား၍ စီမံကိန်းများဖော်ဆောင်ကာ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။
ယခုအခါ ISM သည် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းငယ်များ ဖွံ့ဖြိုးလာမှုမှ သည် ဒေသတွင်း လူငယ်များ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် အတွက် လုပ်ငန်းငယ်ရင်းနှီးမတည်ငွေ လျှောက်ထားလိုသူများ ကို ဖိတ်ခေါ်လျက်ရှိပါသည်။ ကိုယ်ပိုင်လုပ်ငန်း တစ်ခု စတင်လိုသော်လည်း ရင်းနှီးမတည်ငွေ အခက်အခဲကြောင့် လုပ်ငန်း စတင်ရန် နှောင့်နှေးနေသူများ၊ အသက်မွေးဝမ်းကြောင်းပညာတစ်ခုခုကို တတ်မြောက်ထားပြီး ကိုယ်ပိုင် အသက်မွေးဝမ်းကြောင်းလုပ်ငန်း တစ်ခု ကိုစတင်လိုသူများအတွက် အထူးသင့်လျော်သော အစီအစဉ်တစ်ခုဖြစ် ပါသည်။

## ရည်ရွယ်ချက်

ဤအစီအစဉ်သည် မွန် နှင့် ကရင်ပြည်နယ်အတွင်း အသေးစား နှင့် အငယ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် နှင့် တိုးတက် လာသော လုပ်ငန်းများမှတစ်ဆင့် လူငယ်များအတွက် လုပ်ငန်းခွင်တွင်း လေ့ကျင့်သင်ကြားနိုင်မှု နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီး ပေးနိုင်ရန် ရည်ရွယ်ပါသည်။

## လျှောက်ထားနိုင်သူများ

- ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် အတွင်း နေထိုင်သူ
- မိမိစတင်အကောင်အထည်ဖော်မည့် လုပ်ငန်းငယ် နှင့် သက်ဆိုင်သော ကျွမ်းကျင်မှု တစ်ခုခု အား ကိုယ်ပိုင်လုပ်ငန်း စတင်နိုင်လောက်သည်ထိ တတ် မြောက်ထားသူ ဖြစ်ရမည် (သို့) လုပ်ငန်းငယ် အား အောင်မြင်အောင် လုပ်ဆောင်နိုင်မည်ဟု ယုံကြည် ချက်ရှိသူ၊ အောင်မြင်နိုင်ချေရှိသော စီးပွားရေး စိတ်ကူးစိတ်သန်း ရှိသူ
- ကိုယ်ပိုင်လုပ်ငန်း တစ်ခုအား အမှန်တစ်ကယ် စတင်လိုပြီး မိမိဒေသအတွင်းရှိ လူငယ်များ အလုပ် အကိုင်အခွင့်အလမ်း ရရှိလာစေရေးတွင် ပါဝင် ကူညီလိုသူ
- စီးပွားရေးလုပ်ငန်းငယ် တစ်ခုကို စတင် အကောင် အထည်ဖော်ရန် စီးပွားရေးအစီအစဉ် (Business Plan) တစ်ခု ရှိထားပြီးသူ (သို့) စီးပွားရေး စိတ်ကူးစိတ်သန်း (Business Idea) တစ်ခုကို တင်ပြနိုင်သူ
- မိမိ စီးပွားရေးလုပ်ငန်းငယ်အား စတင်ပြီးနောက် ဒေသတွင်းရှိ လူငယ်များအား လက်တွဲ ခေါ်ယူ၍ လုပ်ငန်းခွင်အခြေပြု ကျွမ်းကျင်လုပ်သားများ မွေး ထုတ်ပေးရန် ဆန္ဒရှိသူ (ကျွမ်းကျင်လုပ်သားမွေး ထုတ်ခြင်းအား အရေအတွက် မကန့်သတ်ပါ မိမိ လုပ်ငန်း၏ လုပ်သား လိုအပ်ချက်ပေါ်မူတည်၍ ဆောင်ရွက်နိုင်သည်)
- အမျိုးသမီးနှင့် မသန်စွမ်းသူများအား လျှောက် ထားရန် အထူးတိုက်တွန်းပါသည်။